ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**

**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

**မိုးကုတ်ရတနာနယ်မြေ တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာများ တင်သွင်းရန်**

**ကြေညာချက် ( ၄/၂၀၁၅ )**

၁၃၇၇-ခုနှစ်၊ ကဆုန်လဆန်း ( ၁၃ )ရက်

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန်အတွက် ဖော်ထုတ်လုပ်ကွက်(အသစ်)များကို ကြေညာချက် **(၆/၂၀၁၁)** ဖြင့် ကြေညာခေါ်ယူပြီး လုပ်ကိုင်ခွင့်ချထားပေးခဲ့ပါသည်။

၂။ လုပ်ကိုင်ခွင့်ချထားပေးခဲ့သော တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်များအနက်မှ ၂၀၁၅ခုနှစ်၊ ဇွန်၊ဇူလိုင်၊ဩဂုတ်လများတွင်သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန်လုပ်ကွက်များအတွက် သက်တမ်းတိုးလျှောက်ထားခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၅)နှင့်အညီ ခွင့်ပြုမိန့်ကတ်ပြန်လည်ထုတ်ပေးခြင်းတို့ကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၅ ခုနှစ်၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန် တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်များကို သက်တမ်းတိုးလျှောက်ထားနိုင်ရန်အတွက် သက်တမ်းတိုးလျှောက်လွှာများထုတ်ယူခြင်းနှင့် လျှောက်လွှာများပြန်လည်တင်သွင်းခြင်းများကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာများထုတ်ယူခြင်း။** ဖော်ထုတ်လုပ်ကွက် သက်တမ်းတိုးလျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်သည် ၂၀၁၅ ခုနှစ်၊ **မေလ(၈)**ရက်နေ့မှစ၍ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ဥပဒေနှင့်အညီမှတ်ပုံတင်ပြီး လျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။

(ခ) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာများတင်သွင်းခြင်း။** သက်တမ်းတိုးလျှောက်လွှာတင်သွင်းလိုသူများသည် ဖော်ထုတ်လုပ်ကွက်လျှောက်လွှာပုံစံ(မကလ-၅)တွင် ဖြည့်စွက်ရမည့်အချက်များကို ပြည့်စုံစွာရေးသွင်းပြီး ၂၀၁၅ ခုနှစ်၊ **မေလ ( ၈ )**ရက်မှ **ဇွန်လ( ၃၀ )**ရက်နေ့အထိ ရုံးဖွင့်ရက်များတွင်(၀၈:၀၀)နာရီမှ (၁၇:၀၀)နာရီအထိ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် တင်သွင်းရန်ဖြစ်ပါသည်။

၄။ တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်များ သက်တမ်းတိုးရန်အတွက် ကြေညာခေါ်ယူမည့် လုပ်ကွက်များစာရင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊နေပြည်တော်တွင်လည်းကောင်း၊ မန္တလေးမြို့၊ မိုးကုတ်မြို့နှင့် မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင် လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့် ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းများတွင်လည်းကောင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် နယ်အသင်းခွဲများတွင်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ website ဖြစ်သည့် www.mining.gov.mm တွင်လည်းကောင်း ကြော်ငြာထားပါသဖြင့် အသေးစိပ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ